မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၄ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရတနာတန်းဝင်အပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုး

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ရုံးပရဝဏ်နှင့် ရုံးပတ်လည်တို့၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင်၊ ကုက္ကိုပင်၊ မဟော်ဂနီပင်၊ ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်အပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

အပင် ၆၀၀ ကျော်

ယနေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့်သစ်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ကုက္ကို၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်းကြီး၊ ရင်းမာပင်နှင့် ရေတမာပင် စုစုပေါင်းအပင် ၆၀၀ ကျော်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

အဲဘတ်စ်လေယာဉ်များ ပါရီ၌ စံချိန်တင် ရောင်းချရ။ (စာ-၄)

ပရီမီယာလိဂ် အသက်အငယ်ဆုံး နည်းပြ ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာ။ (စာ – ၄)

တောင်ကိုရီးယားရုပ်ရှင်မင်းသမီးနှင့် လက်ထပ်ငွေအားကစားမယ် လီစီယောင်း။ (စာ – ၄)

အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားသည့် ဟိုတယ်များစာရင်းတွင် ပါဝင်နိုင်ရေးကြိုးပမ်း

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ဦးဆောင်ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းပြီးဆုံး အောင်မြင်ကြသူများအနေဖြင့် မိမိတို့ ဝင်ရောက်လုပ်ကိုင်နေသော ဟိုတယ်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် (Green Hotel) များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေမှုအဖြစ်ဆုံးဟိုတယ် (Eco-Friendly Hotel) များ၊ အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားသည့် (Star Hotel) အဆင့်ဝင် ဟိုတယ်များစာရင်းတွင် ပါဝင်နိုင်ရေးအတွက် အာဆီယံနိုင်ငံများ၏ သတ်မှတ်ချက်များအတိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်နေသော ဟိုတယ်များကိုလည်း အာဆီယံနိုင်ငံများအတွင်း နှစ်စဉ် ဟိုတယ်များအား ချီးမြှင့်သည့် (Green Hotel) ဆုရရှိရေးကိုလည်း တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်း၏ သဘောသဘာဝသည် ကြီးကျယ်ခမ်းနားသည့် အဆောက်အအုံ၊ ခေတ်မီပြည့်စုံသည့် အသုံးအဆောင်များသာမက ဧည့်ဝတ်ကျေပွန်သည့် ဝန်ဆောင်မှုကိုပါ ဆောင်ရွက်နိုင်မှ ပြီးပြည့်စုံသည့် နိမိတ်ပုံကောင်းကို ရရှိနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် မိမိတို့ တာဝန်ယူနေကြသည့် လုပ်ငန်းဌာနနှင့် ဟိုတယ်တစ်ခုလုံးအတွက်

စာမျက်နှာ ၉ ကော်လံ ၃ ❐

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား သင်တန်းထူးချွန်ဆုကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၂၄ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၂ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၂၄ ရက်)

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ စုပေါင်းသစ်ပင်စိုက်ကြစို့

ကမ္ဘာ့မြေ၏ ရာသီဥတုညီညွတ်မျှတမှုသည် သစ်တောသစ်ပင်များ ပေါက်ရောက်မှုနှင့် ရေရှည်တည်တံ့ရေး ထိန်းသိမ်းနိုင်မှုအပေါ် မူတည်ပေသည်။ သစ်တောသစ်ပင်များ ပြုန်းတီးမှုများလာပါက ကမ္ဘာ့ရာသီဥတုကို ထိခိုက်နိုင်ပေသည်။

မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပျိုးရေးပွဲတော်များကို နိုင်ငံတစ်ဝန်း နှစ်စဉ် ကျင်းပလျက်ရှိသည်။ ထို့ကြောင့် ယခုအခါ ဒေသအသီးသီးတွင် သစ်တော၊ သစ်ပင်များဖြင့် တစ်နေ့တခြား စိမ်းလန်းစိုပြည်သာယာလာလျက်ရှိသည်။

ယခုနှစ်မိုးရာသီတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များ စိုက်ပျိုးရာ၌ အဓိကအားဖြင့် နှစ်ရှည်ပင်အဖြစ် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီပင်၊ ကံ့ကော်၊ ခရေ၊ ရေတမာ၊ ပုန်းညက်ပင်စသည်တို့ကို စိုက်ပျိုးလျက်ရှိကြသည်။ အကြီးမြန်သည့် အပင်များနှင့် ပြည်သူများ နှစ်သက်သည့်အပင်များကို အများဆုံးစိုက်ပျိုးကြသည်။

ပူပြင်းခြောက်သွေ့သောဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း၌ ရေဝေရေလဲသစ်တောစိုက်ခင်းများ ထူထောင်ထားရှိပြီး မန်ကျည်း၊ ယူကလစ်၊ တမာ၊ ထနောင်း၊ ထန်းပင်များစသည်တို့ကို စိုက်ပျိုးကြသည်။ ထို့အပြင် ကျေးလက်ဒေသနေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖူလုံစေရေးအတွက် တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် ယူကလစ်အပင် ၂၀ နှင့် တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

၂၀၁၁ ခုနှစ် မိုးရာသီကာလတွင် နိုင်ငံတစ်ဝန်းလုံး သစ်ပင်စိုက်ပျိုးရေးကာလဖြစ်သည့် ဇူလိုင်လအတွင်း ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်မျိုးစုံ သန်း ၃၀ ကျော် စိုက်ပျိုးနိုင်ရေးအတွက် သစ်ပင်ပျိုးထောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သစ်တောသစ်ပင်စိုက်ပျိုး ပြုစုပျိုးထောင်ခြင်းသည် နောင်သားစဉ်မြေးဆက်အတွက် လက်ဆင့်ကမ်းအမွေခံကောင်းများပေးစွမ်းသည့် လုပ်ငန်းဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေသည်သာမက မိမိကိုယ်တိုင်လည်း ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ စိတ်တည်ငြိမ်ခြင်းစသော အကျိုးကျေးဇူးကို ခံစားရရှိနိုင်သည်။

ယနေ့ကာလတွင် ကမ္ဘာ့တစ်ဝန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံ၌လည်း ပြည်သူများအနေဖြင့် မိမိတို့၏ဒေသ စိမ်းလန်းစိုပြည်သာယာရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အလယ်တန်းကျောင်းခွဲ ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာ၌ဖွင့်

ထန်းတပင် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲကို ဇွန် ၁၄ ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားပြီး အလယ်တန်းကျောင်းခွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီနှင့် မြို့နယ် ပညာရေးမှူး ဦးကျော်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ဝ၄၈)

အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်း

တွံတေး ဇွန် ၂၃

တွံတေးမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ၂၂/ ၂၀၁၁ ခုနှစ် အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲနှင့် ကြက်ခြေနီလုပ်ငန်းတွင် ထူးချွန်စွာ ပါဝင်ဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီက တွံတေးမြို့ ဈေးသစ် မူလတန်းလွန်ကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဒေါက်တာကြီးအောင်က အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြို့နယ် ကြက်ခြေနီ သင်တန်းနည်းပြမှူး ဦးဝင်းရှိန်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်တို့က အမှာစကားပြောကြားကြပြီး ၂၀၁၀ ခုနှစ် ထူးချွန် ကြက်ခြေနီ ဦးကျော်စွာဝင်း(တပ်စုမှူး)ကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ် ရခိုင်ပြည်နယ်တွင် ဂီရိမုန်တိုင်းကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ဦးကြည်ဝင်း(တပ်စုမှူး)ကိုလည်းကောင်း၊ ပျော်ဘွယ်လေးကျေးရွာအနီးဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု၌ ဒဏ်ရာရရှိခဲ့သော ခရီးသည်လူနာနှစ်ဦးအား အချိန်မီအသက်ကယ်တင် ကူညီခဲ့သော မမြင့်မြင့်သူအားလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ဝဝ၉)

လမ်းမကြီးမှယာဉ်ကို ဦးစားပေးပါ

ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးရေး ကြို့ပင်ကောက်၌ ဆွေးနွေး

ကြို့ပင်ကောက် ဇွန် ၂၃

စပါးသီးနှံကို ပေါင်စနစ်ဖြင့် ပျိုးထောင်၍ စိုက်ပျိုးခြင်းဖြင့် မျိုးစေ့သုံးစွဲမှုသက်သာပြီး အထွက်နှုန်းတိုးတက်ကာ စပါးထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ရာ စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ဆောင်ရွက်ကြရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး မန်နေဂျာ ဦးသိန်းထွန်းနှင့် တိုင်းစိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဝင်များသည် ဇွန် ၈ ရက်က ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာအုပ်စု ကုန်းမြင့်ကျေးရွာသို့ ကွင်းဆင်း၍ တောင်သူများအား ပညာပေးဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အဆိုပါအဖွဲ့သည် ကုန်းမြင့်ကျေးရွာမှ လယ်သမားကြီး ဦးမြင့်သိန်း၏ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသည့် ပျိုးခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

ကုန်သည်/ စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ(ဇူလိုင်/၂၀၁၁)ကို ဇူလိုင် ၂ ရက် (စနေနေ့) မွန်းလွဲ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်စန်းရီက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး(Private Sector Development) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များအား ဖိတ်ကြားထားကြောင်းနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (ကုန်သည်/စက်မှုအသင်းချုပ်)

မြို့သာယာလှပရေး လှိုင်လင်မြို့၌ ဆောင်ရွက်

လှိုင်လင် ဇွန် ၂၃

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက် ပေါင်းမြက်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်သူရနှင့် ဝန်ထမ်းများ ဇွန် ၁၅ ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် ဦးစီးအရာရှိ ဦးမျိုးဇော်တို့ ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

စီးပွား/ကူးသန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန
မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဝန်ကြီးရုံးလျှိုပိတ်ဆည် စိုက်ခင်း၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်(အောက်ပုံ)၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ရတနာ့တန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များ စိုက်ပျိုးပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အဖွဲ့သည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထပ်မံစိုက်ပျိုး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခင်နှစ် မိုးရာသီတွင် စိုက်ပျိုးပြီးခဲ့သည့် နှစ်တို၊ နှစ်ရှည်ပင် ၂၀၀၀ ကို ကိုင်းဖြတ်၊ ခေါင်နှိမ်၊ ပေါင်းပင်များ ရှင်းလင်းခြင်းဆောင်ရွက်ပြီး ရတနာတန်းဝင် ကျွန်းပင် ၆၅၀၊ စိန်တစ်လုံးသရက်ပင် ၃၀၀၊ ခရေပင် ၂၅၀၊ ရင်းမာပင် ၁၅၀၊ မဟော်ဂနီပင် ၁၀၀နှင့် ပျဉ်းကတိုးပင် ၁၀၀ စုစုပေါင်း အပင် ၁၅၅၀ ကို ထပ်မံစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

ဇူလိုင်လ (၃) ရက်

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့" ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်လည်ပေးအပ်

အခမ်းအနားတွင် အလှူရှင်များက အလှူငွေ စုစုပေါင်းငွေကျပ် သိန်း ၁၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိနှင့် ဒေါ်မြသီဂီ၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြကာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနား၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီး အဖွဲ့ဝင် ဒေါ်ချိုချိုတင် (မစန္ဒာ)က ယဉ်ကျေးမှုနယ်ချဲ့ခြင်း အန္တရာယ် စာတမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခ ဒေါက်တာခင်မေအုန်းက သက်ကြီးဘဝ လှပစေဖို့ စာတမ်းနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်စန်းရီက ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ စာတမ်းတို့ကို ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန်

(၁) မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာ တပ်၍ စီးရမည်။
(၂) နှစ်ဦးထက်ပိုမစီးရ။
(၃) နောက်ထိုင်ခုံတွင် တစ်ဦးထက်ပို၍ မတင်ရ။
(၄) အရှိန်ပြင်းမမောင်းရ။
(၅) လက်ယာဘက်အစွန်ဆုံးယာဉ်ကြောမှ မောင်းနှင်ရမည်။
(၆) သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို လိုက်နာရမည်။
(၇) ဆိုင်ကယ်မောင်းလိုင်စင်နှင့် သက်တမ်းရှိ ယာဉ်သက်သေခံ လက်မှတ် ပါရှိရမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ထားဝယ်မြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ ဆိပ်ကမ်းဘူတာရှေ့၌ ကျင်းပရာ **(အောက်ပုံ)** တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှူး ဦးဇော်ဝင်းမြင့်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်တို့က ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား သစ်ပင်ပျိုးပင်များကို ပေးအပ်ကြသည်။ ယင်းနောက် ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခရေပင်ကို တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က စိုက်ပျိုးပေးသည်။

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ မဲဇလီနှင့် စိန်ပန်းကြီး ပျိုးပင် စုစုပေါင်း ၁၅၀၀ ကို တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်မာမုန်တိုင်းတိုက်ခတ်

မောင်ချစ်ကြည် ရေးသားသည်

ကွမ်ကျိူ့ ဇွန် ၂၃

ဟိုင်မာအမည်ရှိ အပူပိုင်းမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ကမ်းခြေသို့ ဇွန် ၂၃ရက် နံနက်ကဝင်ရောက်ပြီး လေပြင်းများနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ပြောကြားသည်။ **(အပေါ်ပုံ)**

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ စတုတ္ထမြောက် မုန်တိုင်းဖြစ်သည့် ဟိုင်မာမုန်တိုင်းမှာ တစ်နာရီ ၁၅ ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့မဟုတ် အနောက်မြောက်ဘက်သို့ ရွေ့လျားဖွယ်ရှိကြောင်း အမျိုးသားမိုးလေဝသဌာနက နောက်ဆုံးကြေညာထားသည်။

ပိုမိုသည်းထန်

ကွမ်တုန်၊ ဟိုင်နန်နှင့် ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများတွင် မိုးပိုမိုသည်းထန်ကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ကြေညာသည်။ ဟိုင်နန်ကျွန်းဒေသအများအပြားတွင် မိုးရေချိန် မီလီမီတာ ၆၀မှ ၁၂၀အထိ ရွာသွန်းခဲ့သည်။

သတိပေး

ထိုဒေသများတွင် မုန်တိုင်းကြောင့် မြေပြိုမှုများနှင့် အခြားသော သဘာဝဘေးအန္တရာယ်များလည်း ကြုံတွေ့နိုင်ကြောင်း သက်ဆိုင်ရာက သတိပေးထားသည်။ **(အင်တာနက်)**

လျှင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက်ရုပ်သိမ်း

တိုကျို ဇွန် ၂၃

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၇ ရှိ မြေငလျင်လှုပ်ပြီးနောက် ထုတ်ပြန်ခဲ့သည့် ဆူနာမီသတိပေးချက်ကို ယခုအခါ ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း အနက် ကီလိုမီတာ ၂၀ တွင် ဗဟိုပြုပြီး ဇွန် ၂၃ ရက် နံနက် ၆ နာရီ ၅၁ မိနစ်က အင်အားပြင်းငလျင် လှုပ်သွားကြောင်း ဂျပန်မိုးလေဝသဌာနက ကြေညာသည်။ ထိုမြေငလျင်ကြောင့် ကြီးမားသည့် ဆူနာမီ ဒီရေလှိုင်းကြီးများ ဖြစ်မလာနိုင်ကြောင်း အမေရိကန် ပစိဖိတ်ဆူနာမီသတိပေးဌာနက ကြေညာသည်။

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် မတ် ၁၁ ရက်က အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခဲ့ပြီး ဆူနာမီဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်သည်။ **(ယာပုံ)** **(အင်တာနက်)**

အဲဘတ်စ်လေယာဉ်များ ပါရီ၌ စံချိန်တင်ရောင်းချရ

ပါရီ ဇွန် ၂၃

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပလျက်ရှိသော ပါရီလေယာဉ်ပြပွဲတွင် အဲဘတ်စ်ကုမ္ပဏီမှထုတ်လုပ်သော အေ-၃၂၀ နီယိုလေယာဉ်မှာ ဇွန် ၂၂ရက်က အမှာစာများ တဖွဲဖွဲရောက်လာကာ စံချိန်တင်ရောင်းချခဲ့ရသည်။ **(ဝဲပုံ)**

အိန္ဒိယနိုင်ငံမှ အင်ဒီဂိုလေကြောင်းကုမ္ပဏီက အေ-၃၂၀ နီယို အစင်း ၁၅၀ နှင့် အေ-၃၂၀ အစင်း ၃၀ ဝယ်ယူခဲ့ပြီး အလားတူ တောင်အမေရိကဒေသမှလည်း ဝယ်ယူခဲ့သည်။ ထို့အတူ အမေရိကန်ကုမ္ပဏီတစ်ခုကလည်း ဝယ်ခဲ့သည်။ အဲဘတ်စ်လေယာဉ်ကုမ္ပဏီက ထိုမျှ အမှာစာအများအပြားဖြင့် လေယာဉ်များအရောင်းသွက်နေချိန် ပြိုင်ဘက်ဘိုးအင်း လေယာဉ်မှာ ကုမ္ပဏီ၌ မှာယူအားကျဆင်းလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

ဩစတြေးလျ၌ မီးတောင်ပြာမှုန်များကြောင့် လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းခဲ့ပြီးနောက် ပြန်လည်စတင်

ဆစ်ဒနီ ဇွန် ၂၃

ချီလီနိုင်ငံမှ လွင့်ပျံ့လာသည့် မီးတောင်ပြာမှုန်များကြောင့် ဩစတြေးလျနိုင်ငံတွင် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ပြီးနောက် ဇွန် ၂၂ ရက်က တဖြည်းဖြည်း ပြန်လည်စတင်ပျံသန်းလာနိုင်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ကွမ်တက်စ်နှင့် ဗားဂျင်းစ်ဂျက်လေယာဉ်များသည် ဇွန် ၂၂ ရက် နံနက်ပိုင်းမှစပြီး အဒီလိတ်လေဆိပ်မှ စတင်ပျံသန်းနေပြီဖြစ်ကြောင်း၊ မကြာမီ ဆစ်ဒနီနှင့် ကင်ဘာရာလေဆိပ်များတွင်လည်း ပျံသန်းရေး စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ သို့သော်လည်း ချီလီမီးတောင်မှ လွင့်ပျံ့လာသော မီးခိုးပြာမှုန်များသည် နယူးဇီလန်နိုင်ငံသို့ ဆက်လက် ဦးတည်တိုက်ခတ်နေဆဲဖြစ်သည်။

လွန်ခဲ့သော သီတင်းပတ်ကလည်း ချီလီနိုင်ငံရှိ ယူရီဟူးကော်ဒွန်ကောလီ မီးတောင်ပေါက်ကွဲမှုကြောင့် ထောင်ပေါင်းများစွာသော ခရီးသည်များ၏ ခရီးစဉ်များကို ဖျက်သိမ်းခဲ့ကြရသည်။ (အင်တာနက်)

နိုင်ငံတကာအားကစား

မြင့်မောင်စိုး – ရေးသားသည်

ပရီမီယာလိဂ် အသက်ငယ်ဆုံးနည်းပြ ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာ

လန်ဒန် ဇွန် ၂၃

ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာသော အန်ဒရီဗီးလက်စ်ဘိုစ် **(ယာပုံ)**သည် ပရီမီယာလိဂ်တွင် အသက် အငယ်ဆုံးနည်းပြ ဖြစ်လာသည်။

အသက် ၃၃ နှစ်အရွယ်သာရှိသေးသည့် ပေါ်တူဂီနိုင်ငံသား ဗီးလက်စ်ဘိုစ်သည် ပြီးခဲ့သော ဘောလုံးရာသီက ပေါ်တူဂီကလပ် ပေါ်တိုအသင်းကို ယူရိုပါလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းအား ချယ်လ်ဆီးက သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။

အဆိုပါ နည်းပြသည် ပေါ်တိုအသင်းတွင် နည်းပြ ဆာဘော်ဘီရော့ဆင်လက်ထက်၌ ဘောလုံးသင်တန်းဆရာအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် နည်းပြမော်ရင်ဟို လက်ထက်တွင် ပေါ်တိုအသင်း ဝန်ထမ်းတစ်ဦးအဖြစ်လည်း လုပ်ကိုင်ဖူးသူဖြစ်သည်။

အသက်ချင်းရွယ်တူ

နည်းပြဗီးလက်စ်ဘိုစ်သည် ချယ်လ်ဆီးအသင်း၏ အဓိက ကစားသမားများဖြစ်ကြသော လမ်းပတ်၊ ဒရော့ဘာတို့နှင့်အတူ အသက်ချင်းရွယ်တူဖြစ်သည်။ ချယ်လ်ဆီးအသင်းအနေဖြင့် ပေါ်တိုအသင်းနှင့် စာချုပ်သက်တမ်း မကုန်ဆုံးမီခေါ်ယူခဲ့၍ ပေါ်တိုအသင်းသို့ လျော်ကြေးငွေပေါင် ၁၃ ဒသမ ၃ သန်း ပေးရမည်ဖြစ်သည်။ **(အင်တာနက်)**



တောင်ပံကစားသမားအက်ရှ်လေယန်း မန်ယူနှင့် စာချုပ်ရန် သဘောတူညီ

လန်ဒန် ဇွန် ၂၃

အက်စ်တွန်ဗီလာအသင်းမှ တောင်ပံကစားသမား အက်ရှ်လေယန်း **(ဝဲပုံ)**သည် မန်ယူနှင့်စာချုပ်ရန် သဘောတူညီထားပြီဖြစ်သည်။

သဘောတူညီ

အသက် ၂၅ နှစ်အရွယ်ရှိ အင်္ဂလန်ဘောလုံးသမား အက်ရှ်လေယန်းအား ပရီမီယာလိဂ်ချန်ပီယံ မန်ယူက ပေါင် ၁၇ သန်းဖြင့် စာချုပ်ရန် သဘောတူညီထားသည်။

တောင်ပံကစားသမား အက်ရှ်လေယန်းသည် ဝက်ဖို့ဒ်အသင်းမှ အက်စ်တွန်ဗီလာအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် အက်စ်တွန်ဗီလာအသင်းတွင် လေးနှစ်ခွဲကြာ ကစားခဲ့ပြီးဖြစ်သည်။ သို့သော် ဗီလာနှင့်စာချုပ်မှာ တစ်နှစ်ကျန်ရှိနေသေးသည်။ အသက် ၁၅ နှစ်အရွယ်တွင် အင်္ဂလန်အသင်း၌ ပထမဆုံးကစားခဲ့သူလည်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာမျက်မြင် နိုင်ငံတကာမျက်မြင် နိုင်ငံတကာမျက်မြင်

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီးနှင့် လက်ဝှေ့အားကစားမယ် လီစီယောင်း

မိုးမြင့်လင်းလက် ရေးသားသည်

ဆိုးလ် ဇွန် ၂၃

တောင်ကိုရီးယားအမျိုးသမီးသရုပ်ဆောင်များအနက် အထူးခြားဆုံး ရုပ်ရှင်မင်းသမီးမှာ လီစီယောင်းဖြစ်သည်။ သရုပ်ဆောင်၊ မော်ဒယ်လ်အဆိုတော်ဖြစ်သည့်အပြင် လက်ဝှေ့အားကစားမယ်တစ်ဦးလည်းဖြစ်ရာ နူးညံ့သောအနုပညာနှင့် ကြမ်းတမ်းသောလက်ဝှေ့သမားဘဝကို ပေါင်းစပ်ကာ ရှင်သန်လှုပ်ရှားနေသူတစ်ဦးဖြစ်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး လီစီယောင်းသည် ၂၀၀၈ ခုနှစ်က The Kingdon of The Winds ဇာတ်ကားဖြင့် စတင်အောင်မြင်ခဲ့သူဖြစ်သည်။ ယင်းဇာတ်ကားကို ကေဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ခဲ့ရာ ပရိသတ်များ အားပေးမှုရရှိခဲ့ရာမှ ရုပ်ရှင်ကားများဆက်တိုက် ပါဝင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

လီစီယောင်းသည် ငယ်စဉ်ကပင် လက်ဝှေ့အားကစားကို ဝါသနာပါခဲ့ရာ အသက် ၁၀ နှစ်အရွယ်က စတင်ပြီး လက်ဝှေ့အားကစားခန်းမများသို့ သွားရောက်ကာ ဖခင်ဖြစ်သူနှင့်အတူ လေ့ကျင့်ခဲ့သူဖြစ်သည်။ ဖခင်ဖြစ်သူမှာ လက်ဝှေ့သမားမဟုတ်သော်လည်း သူမကိုအားပေးခဲ့ရာမှ လက်ဝှေ့ပွဲများစွာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

လီစီယောင်းသည် မကြာမီက ကျင်းပခဲ့သော (၇)ကြိမ်မြောက် အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ချန်ပီယံပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ရာ ၂၀၁၂ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

နှစ်သက်အားပေး

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီစီယောင်းသည် ၂၀၁၀ ခုနှစ်က ရိုက်ကူးခဲ့သော Playful Kiss ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို တောင်ကိုရီးယားနိုင်ငံ၌ အမ်ဘီစီရုပ်မြင်သံကြားလိုင်းမှ ယခုအခါထုတ်လွှင့်ပြသလျက်ရှိရာ ပရိသတ်များ၏ နှစ်သက်အားပေးမှုရရှိနေသည်။

လီစီယောင်း အောင်မြင်မှုရရှိခဲ့သည့် ဇာတ်ကားများမှာ Boys Over Flower၊ Hateful But Once Again၊ Love You Ten Millon Times၊ Five Senses of Eros၊ The Birth of Rich စသည်တို့ ဖြစ်ကြသည်။ ထို့အပြင် တေးအယ်လ်ဘမ်များအဖြစ် We Got Married အပါအဝင် တေးအယ်လ်ဘမ်အများအပြားကိုလည်း ထုတ်နိုင်ခဲ့သည်။ တစ်ဖန် တောင်ကိုရီးယားနိုင်ငံထုတ် Maxim မဂ္ဂဇင်းတွင် ပင်တိုင်မျက်နှာဖုံးရှင်အဖြစ်လည်း ဖော်ပြခံရသူဖြစ်သည်။

လီစီယောင်းသည် တောင်ကိုရီးယားအဆိုတော် ဂျန်ဂျင်းနှင့် ၂၀၀၉ ခုနှစ်က စတင်တွဲနေခဲ့သော်လည်း ယခုအခါ ၎င်းနှင့် လက်တွဲဖြုတ်ကာ တစ်ဦးတည်း ခရီးဆက်လျက်ရှိပါကြောင်း။ ။ **(အင်တာနက်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၃

ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ/ပိုစတာ နှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတို

ဝတ္ထုတိုပြိုင်ပွဲတွင် ဒေါက်တာဖြူပွင့်သန့်က ပထမဆု၊ မောင်ချိုဝေက ဒုတိယဆု၊ ရဲမာန်(ဥပဒေ)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအေးနွေး၊ ဝင်းလှိုင်နှင့် မိုးထွန်းခေါင်တို့က ရရှိကြသည်။

ဆောင်းပါး

ဆောင်းပါးပြိုင်ပွဲတွင် ရွှေကြာဖြူက ပထမဆု၊ ဝတ်ရည်ခင်(ပဲခူး)က ဒုတိယဆု၊ ဖိုးရာဇာ(သာစည်)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မင်းသွေးငယ်(ရာမညမြေ)၊ ပန်းတောမြေသန်းလွင်(ရေကြည်)နှင့် မောင်စိုးထိုက်(သုံးဆယ်)တို့က ရရှိကြသည်။

ကဗျာ

ကဗျာပြိုင်ပွဲတွင် မင်းသွေးနွယ်(ဇီးကုန်း)က ပထမဆု၊ ချမ်းအောင်မြင်(ယောမြေ)က ဒုတိယဆု၊ ချမ်းမြဆောင်း(ကလော)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးကျော်နေမင်း(မြင့်မြတ်မောင်မောင်)၊ သင်းသင်းယု(တိုင်းရင်းဆေး)နှင့် အဖျောက်မြေ မောင်ဆွေမွန်တို့က ရရှိကြသည်။

တေးသီချင်း

တေးသီချင်းပြိုင်ပွဲတွင် ဝင့်မြတ်မော်(သုခမ)က ပထမဆု၊ မိုးမိုးအောင်က ဒုတိယဆု၊ မောင်သူရက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ပွင့်ကေခိုင်၊ မြန်မာပြည်မင်းသန့်ခိုင်နှင့် ဥမ္မာမြတ်တို့က ရရှိကြသည်။

ပန်းချီ

ပန်းချီမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်ကောင်းဇော်ဟိန်း ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းက ပထမ၊ မကေဇင်ဝတ်ရည် အထက(၂)ကမာရွတ်က ဒုတိယ၊ မောင်ကောင်းဆက်လွင် အထက(၁) ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းခန့်ဇော် အထက(၂)ကမာရွတ်၊ မဆုရည်မွန်မြင့် အမက(၃) မူလွန် ဗဟန်းနှင့် မမိုးစက်ချို အထက(၃) မကွေးတို့က ရရှိကြသည်။

ပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မခင်သဇင်ညွန့် အလက (၁) ဒဂုံက ပထမ၊ မဆွေယွန်းနန္ဒီ အမက(၂) မူလွန် လှိုင်က ဒုတိယ၊ မနှင်းထက်ထက်နိုင်ဝင့် အထက(၄) တာမွေက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမဥ္ဇူနောင် အထက(၁၆) မန္တလေး၊ မောင်ဝင်းလက်ထွန်း လေ့ကျင့်ရေးကောလိပ် ပုသိမ်နှင့် မသက်ထားဆွေဇင် အထက(၂) ဗဟန်းတို့က ရရှိကြသည်။

ပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မခိုင်မေသူ အထက(၂) ဗဟန်းက ပထမ၊ မောင်သူရပိုင်စိုး အထက(၆) ပုသိမ်က ဒုတိယ၊ မောင်ကောင်းထက်ကျော် အထက(၅) တာမွေက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမြစည်သူ အထက(၁) တာမွေ၊ မောင်ဘုန်းမြတ်မင်း အထက(၂) ပုသိမ်နှင့် မရှမင်းပိုင် အထက(၂) ရန်ကင်းတို့က ရရှိကြသည်။

ကာတွန်း

ကာတွန်းမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်စောဘုန်းမြင့် အထက(၁) နေပြည်တော်တပ်ကုန်းက ပထမ၊ မယဉ်သူထက် အလက(၄) တောင်ဥက္ကလာက ဒုတိယ၊ မောင်ကိုကိုဇော် အမက(၂၀) ပုသိမ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်မြင့်မိုးအောင် အမက(၂၀) ပုသိမ်၊ နော်ခရစ္စတင်း အထက(၂) လသာနှင့် မောင်နေသူရဦး အလက(၄) မော်လမြိုင်တို့က ရရှိကြသည်။

ကာတွန်းအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်မိုးနိုင်မြတ် အထက(၂) တောင်ကြီးက ပထမ၊ မောင်အောင်မင်းခန့် အထက(၃) ဗန်းမော်က ဒုတိယ၊ မောင်မင်းသုခ အထက(၄) အလုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကျော်စိုးဟန် အထက(၃) ပဲခူး၊ မအိန္ဒြာလင်း အမက(၁၁) မူလွန် မဟာအောင်မြေနှင့် မယွန်းယုယုထွန်း ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်း တောင်ငူတို့က ရရှိကြသည်။

ကာတွန်းအထက်တန်းအဆင့်ပြိုင်ပွဲတွင် မခိုင်မေသူ အထက(၂) ဗဟန်းက ပထမ၊ မဖြိုးဖြိုးမြတ်သူ အထက(၂) ဒဂုံက ဒုတိယ၊ မောင်ဝေဖြိုးအောင် အလက(၃) တောင်ကြီးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရပိုင်စိုး အထက(၆) ပုသိမ်၊ မောင်သီဟဇော် အထက ပေါင်းတည်နှင့် မခင်ကံ့ကော်ကြီး အထက(၃) မြောက်ဒဂုံတို့က ရရှိကြသည်။

ပိုစတာမူလတန်းအဆင့်ပြိုင်ပွဲတွင် မဆောင်းသဇင် အလက(၄) တောင်ဥက္ကလာက ပထမ၊ မဆုရည်မွန်မြင့် အမက(၃)မူလွန် ဗဟန်းက ဒုတိယ၊ မောင်ကောင်းဆက်လွင် အထက(၁) ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းဇော်ဟိန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း၊ မောင်မျိုးဇော်ဦး အမက(၂၀) ပုသိမ်နှင့် မောင်မြင့်မိုးအောင် အမက(၂၀) ပုသိမ်တို့က ရရှိသည်။

ပိုစတာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မခင်သဇင်ညွန့် အလက(၁) ဒဂုံက ပထမ၊ မသဲနေနွယ်စိုး အထက(၂) လသာက ဒုတိယ၊ နန္ဒာခိုင်မင်း လေ့ကျင့်ရေးကျောင်း တောင်ငူက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနှင်းထက်ထက်နိုင်ဝင့် အထက(၄) တာမွေ၊ မောင်ကျော်စိုးဟန် အထက(၃) ပဲခူးနှင့် မယွန်းနဒီ အထက(၂)လှိုင်တို့က ရရှိကြသည်။

ပိုစတာ

ပိုစတာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်သူရပိုင်စိုး အထက(၆) ပုသိမ်က ပထမ၊ မယဉ်လတ်သက်ဝေ အထက ကျောက်တံတားက ဒုတိယ၊ မစုမြတ်နိုး အထက(၁) တပ်ကုန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မစိမ်းလဲ့ရည် အလက(၂) လားရှိုး၊ မမြတ်မှူးသန့် အထက(၁) မြောင်းမြနှင့် မောင်သန်းနိုင်ဦး ပန်းချီပန်းပုကျောင်း မန္တလေးတို့က ရရှိကြသည်။

ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်စည်သူသန်းဝင်း အလက(၄) မကွေးက ပထမ၊ မကေနွယ်ကျော်အောင် အထက(၈) မော်လမြိုင်က ဒုတိယ၊ မောင်ရဲမြတ်အောင် အထက(၆) ဗိုလ်တထောင်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဇော်ထက်အောင် အထက(၄) အလုံ၊ မကြည်သော်တာနိုင် အမက(၅) မကွေးနှင့် မထက်သဥ္ဇာလင်း အလက(၄) မော်လမြိုင်တို့က ရရှိကြသည်။

ကွန်ပျူတာပန်းချီ

ကွန်ပျူတာပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မမေဇင်အောင် အထက(၁) လမ်းမတော်က ပထမ၊ မဟံသာသာ အထက(၁) ပန်းဘဲတန်းက ဒုတိယ၊ မအေးမြတ်နိုးနွယ် အထက(၄) တောင်ကြီးက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရပိုင်စိုး အထက(၆) ပုသိမ်၊ မနန်းခမ်းမိန် အထက(၁) ပန်းဘဲတန်းနှင့် မချြူထက်ထက်နိုင် အလက(၄) မော်လမြိုင်တို့က ရရှိကြသည်။

ကွန်ပျူတာပိုစတာအလွတ်တန်းပြိုင်ပွဲတွင် မောင်လင်းထက်တာရာက ပထမ၊ မောင်စိုင်းစိုးလှိုင်က ဒုတိယ၊ ဦးအောင်ဇာခိုင်(ပန်းချီအေလေး)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်မင်းခန့်မောင်မောင်၊ မောင်ကျော်စင်သန့်နှင့် မောင်သက်ပိုင်စိုးတို့က ရရှိကြသည်။

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် ယမင်းဝင်းလှိုင်က ပထမ၊ အောင်ဆန်း(တောင်ကြီး)က ဒုတိယ၊ မင်းဇာနည်ဇော်(အမရပူရ)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် အေးလွင်ဦး(ရွှေပန်းချီ)၊ မိုနာအောင်ဆန်း(တောင်ကြီး)နှင့် ဂျူးအောင်ဆန်း(တောင်ကြီး)တို့က ရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများကို ၂၀၁၁ ခုနှစ် ဇွန် ၂၆ ရက်တွင် ဆုများ ချီးမြှင့်မည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့် နေရာနှင့် အချိန်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့မှူးများမှတစ်ဆင့် အကြောင်းကြားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ) နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၃

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ တတိယအကြိမ်နှစ်ပတ်လည် အခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက မသန်စွမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ ရန်ကုန်မှ နေပြည်တော်သို့ ဘီးတပ်ကုလားထိုင် စွမ်းရည်ပြသခဲ့သော မသန်စွမ်းသူများ၊ ရန်ပုံငွေရှာဖွေပွဲများနှင့် ပညာပေးဇာတ်လမ်းတို ရိုက်ကူးရေးတွင် ပါဝင်ကူညီခဲ့ကြသော အားကစားသမားများနှင့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ မသန်စွမ်းသူ ကျောင်းသားများအား ရာသက်ပန် ပညာသင်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ပတ်လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေး လှည်းကူးမြို့နယ်၌ သစ်တောစိုက်ခင်းများ စိုက်ပျိုး

ရန်ကုန် ဇွန် ၂၃

လှည်းကူးမြို့နယ်အတွင်းရှိ ရန်ကုန်မြို့ပတ်လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးလျက်ရှိရာ ဇွန် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့် **(အပေါ်ပုံ)** သည် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိတို့နှင့်အတူ စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

စိုက်ပျိုးပြီး

ယခုအခါ လှည်းကူးမြို့နယ်အတွင်း သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ပျိုးပင်ပေါင်း ၇၅၀၀ နှင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပျိုးပင်ပေါင်း ၅၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၁၁ ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်များ မပေါက်ပွားနိုင်စေရန် သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းကျော်ဇောနှင့်အဖွဲ့ မြို့မဈေးအတွင်း ဈေးရုံများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နိုင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ငွေစုငွေချေးသမဝါယမအသင်းအစည်းအဝေး

ယင်းမာပင် ဇွန် ၂၃

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း လီမိတက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ မေ ၃၁ ရက်နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဌေးနှင့် အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်ချိုတို့က အမှာစကားပြောကြားကြသည်။

(အောက်ပုံ)

အခမ်းအနားတွင် ဒါရိုက်တာအဖွဲ့၏ ၂၀၁၀-၂၀၁၁ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အဖွဲ့ဝင်တစ်ဦးက ဖတ်ကြားခဲ့ကြောင်းနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အသင်းဝင် ၄၀၁ ဦးအထိ တိုးပွားလာပြီး အသင်း၏ အသားတင် အမြတ်ငွေမှာ ၄၁၉၈၄၄ ကျပ်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

ကျောက်တံခါး ဇွန် ၂၃

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျောက်တံခါးမြို့အတွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် မေ ၂၈ ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် ဝန်ထမ်းများစုပေါင်း၍ ဗိုလ်ချုပ်လမ်းနှင့်ဒဂုံမန်းလမ်းထောင့် ဦးစံကျော်လမ်းတစ်လျှောက် ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)
၂၄-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၁၀ ၈။ **စည်းကမ်းလိုက်နာ ဘေးကင်းကွာ**
၈း၂၅ ၉။ အဆိုပြိုင်ပွဲ
၈း၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၂၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅း၃၅ ၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ရသစုံလင်အင်တာနက် ဥယျာဉ်
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၄)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **လျှပ်တစ်ပြက်ဟာသများ**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၈)
၁၉။ **သီချင်းချစ်သူ**
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာပွားများခြင်းတရားတော်

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူသည် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့်အတူ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၂ ရက် နံနက် ၉ နာရီက စတင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ယာပုံ)

ယှဉ်ပြိုင်

ပြိုင်ပွဲများတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ ယှဉ်ပြိုင်သူ ၁၂ ဦး၊ စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်သူ ၂၄ ဦး၊ ပန်းချီပြိုင်ပွဲ ယှဉ်ပြိုင်သူ ၂၁ ဦးနှင့် အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ ယှဉ်ပြိုင်သူ ၁၂ ဦး၊ စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်သူ ၂၄ ဦး၊ ပန်းချီပြိုင်ပွဲ ယှဉ်ပြိုင်သူ ၂၃ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်) ဦးချမ်းငြိမ်းနှင့် အဖွဲ့ဝန်ထမ်းများ မေ ၉ ရက်က ဈေးအရှေ့ပြင်ရပ်ကွက်နှင့် ဈေးအနောက် ကန်ပတ်လမ်းတစ်လျှောက် ချုံနွယ်များရှင်းလင်းခြင်း၊ ရေမြောင်းဆယ်ယူခြင်းတို့ကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့်ဦးစီးအရာရှိ ဦးမျိုးထက်ဇော်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဟိုပုံးမြို့၌ အခွန်ပညာပေးရှင်းလင်း

ဟိုပုံး ဇွန် ၂၃

တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီက အခွန်ပညာပေးရှင်းလင်းပွဲကိုကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးတိုးလွင်က အမှာစကားပြောကြားပြီး ခရိုင် အခွန်ဦးစီးဌာနမှူး ဦးခင်မောင်ထွေး၊ ဟိုပုံးမြို့နယ် အခွန်ဦးစီးဌာနမှူးဦးခင်မောင်ဦးနှင့် ခရိုင်ရုံး ဦးစီးအရာရှိ ဦးဝဏ္ဏဝင်းအောင်တို့က ဝင်ငွေကြေညာလွှာ တင်သွင်းခြင်းနှင့် အခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

မင်းလှ ဇွန် ၂၃

သာယာဝတီခရိုင် မင်းလှမြို့နယ် အထက်တန်းကျောင်း၌ ဇွန် ၁၇ ရက် နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်လွင်အောင်**(အောက်ပုံ)**က မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

တိုက်ကြီး၌ မိုးရာသီသစ်ပင်စိုက်ပျိုး

တိုက်ကြီး ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက်(တိုက်ကြီး-ဖောင်ကြီး-ပဲခူး)လမ်း တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ် (၂၄)တွင် ဇွန် ၂၁ ရက်နံနက် ၆ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဆွေတို့က ရတနာတန်းဝင် ကျွန်းပျိုးပင်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ ကျွန်းပင်များကို စိုက်ပျိုးကြသည်။

စိုက်ပျိုးသော ကျွန်းပင်စုစုပေါင်းမှာ အပင် ၁၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၃

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အတွင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၄ ရက်က သူနာပြုနီးနွယ်ကွင်းဆင်း လေ့ကျင့်သင်တန်းကျောင်းဝင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သူနာပြုနီးနွယ်ကွင်းဆင်း လေ့ကျင့်သင်တန်းကျောင်းအုပ်ဆရာမကြီးနှင့်သင်တန်းသူများက အရိပ်ရပင် ၅၀၀ကျော် စိုက်ပျိုးပေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

စုပေါင်းစိုက်ပျိုး

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရတနာအိမ်ရာဝင်း၌ ကျင်းပရာ ပျိုးပင်သုံးထောင်ကျော်ကို တိုကျိုပိုက်မိသားစုက စုပေါင်းစိုက်ပျိုးကြစဉ်။

(မြန်မာ့အလင်း)

သစ်ပင်စိုက်ပျိုးပွဲ သုံးခွမြို့နယ်၌ ကျင်းပ

သုံးခွ ဇွန် ၂၃

သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၈ ရက် နံနက် ၇ နာရီက သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာအုပ်စု သုံးခွ-သန်လျင် ကားလမ်းဘေးဝဲယာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းနှင့် ဇနီး၊ မြို့နယ်သစ်တောဦးစီးဌာန နယ်မြေတာဝန်ခံ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက သစ်ပင်ပေါင်း ၁၅၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပျိုးပွဲ ပေါက်မြို့နယ်၌ကျင်းပ

ပေါက် ဇွန် ၂၃

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၂ ရက် နံနက် ၇ နာရီက ပေါက်မြို့နယ် ယာကြီးပြင်ကျေးရွာရှိ ပေါက်-ပခုက္ကူ ကားလမ်းမကြီးပေါ်တွင် ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ အင်အား ၃၀၀ နှင့်အတူ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်အောင်ဟိန်းနှင့် ဝန်ထမ်းများက ကျွန်း ၁၀၀၀၊ ယူကလစ် ၁၈၀၀ နှင့် တမာ ၂၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ပျဉ်းကတိုး၊ ပိတောက်၊ ယူကလစ်၊ မဟော်ဂနီ စသည့် နှစ်ရှည်ပင်နှင့် အရိပ်ရပင်၊ လေကာပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်အပါအဝင် စုစုပေါင်း အပင် ၁၃၀၀ ကို စိုက်ပျိုးပေးကြရာ ၂၀၁၀ ခုနှစ်အထိ ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည်ပင်၊ နှစ်ရှည်စားပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၁၃၅၄၀ ကို စိုက်ပျိုးပေးခဲ့ပြီးဖြစ်ရာ ယခုအခါ စုစုပေါင်းအပင် ၁၄၈၄၀ ကို စိုက်ပျိုးပြီးဖြစ်သည်။

မျိုးစိုက်ထည့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံး လျှိုပိတ်ဆည် အမှတ်(၂)အတွင်းသို့ ငါးကြင်းရွှေဝါ၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ တီလားပီးယားငါးများကို မျိုးစိုက်ထည့်ပေးပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀ ကို မျိုးစိုက်ထည့်ပေးကြသည်။

(သတင်းစဉ်)

စိုက်ပျိုးပေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ကုန်စည်ဒိုင် ဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးတွင် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် လက်ကား ကုန်စည်ဒိုင် (ရန်ကုန်) ဖွဲ့စည်းရေးအတွက် ပထမအကြိမ် အစည်းအဝေးကို UMFCCI အစည်းအဝေးခန်းမတွင် ဇွန် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများ၊ သီရိမင်္ဂလာဈေးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကုန်စည်ဒိုင်ဖွဲ့စည်းရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ ဇွန် ၂၂ ရက်တွင် အလှူရှင် ဦးထင်ကျော်လင်း-ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း မိသားစုက ငွေကျပ် ၂၅ သိန်း **(ဝဲပုံ)**၊ ဆရာနိုင်ပန်းလှ မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဆရာတက္ကသိုလ်ထင်ကြီး မိသားစုက အလှူငွေကျပ် တစ်သိန်းနှင့် ဦးအေးမြင့်ကျော် (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်) မိသားစုက မဂ္ဂဇင်း ၁၅၂ အုပ်တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်ကလက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆၊ ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ ကျော့ဖုံးမှ

ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ် (၁)မှထုတ်လုပ်သော ပစ္စည်းများနှင့် ပတ်သက်ပြီး **“လူတွေ စားစရာ ထည့်ပြီး အသုံးပြုတဲ့ပစ္စည်းတွေမို့ ကျန်းမာရေးနဲ့ ညီညွတ်အောင် အဓိကထား ထုတ်လုပ်ထားတာပါ။ အဓိကအနေနဲ့ ပန်းကန်ပြားအမျိုးမျိုး၊ ဇလုံအမျိုးမျိုး၊ သောက်ရေခွက်အမျိုးမျိုး၊ ထမင်းအုပ်နဲ့ ထမင်းချိုင့်အမျိုးမျိုးစတဲ့ အခြေခံကြွေရည်သုတ်ပစ္စည်းရှစ်မျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပါတယ်။ မြန်မာနိုင်ငံအတွင်းမှာနေထိုင်တဲ့ လူဦးရေပမာဏနဲ့ တွက်ချက်ပြီး ထုတ်လုပ်နေခြင်း ဖြစ်ပါတယ်”**ဟု ကြွေရည်စိမ်ပစ္စည်းစက်ရုံ အမှတ်(၁)စက်ရုံမှူး ဒေါ်တင်စန်းက ရှင်းပြသည်။

“မြန်မာနိုင်ငံအတွင်းမှာနေထိုင်တဲ့ လူဦးရေပမာဏနဲ့ တွက်ချက်ပြီး ထုတ်လုပ်နေခြင်းဖြစ်ပါတယ်”။
ဒေါ်တင်စန်း
စက်ရုံမှူး

စက်ရုံအတွင်း ကြွေရည်စိမ်ပစ္စည်းမျိုးစုံထုတ်လုပ်နေမှု၊ ဝန်ထမ်းများက စနစ်တကျကိုင်တွယ်ဆောင်ရွက်နေမှု၊ ထုတ်လုပ်ပြီး ကြွေရည်စိမ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချရန် အသင့်ပြင်ဆင်ထားမှုများကိုစိတ်ဝင်စားဖွယ် တွေ့ရသည်။ စက်ရုံထုတ် ကြွေရည်စိမ်ပစ္စည်းများ၏ အားသာချက်မှာ ဆေးကြောရ လွယ်ကူခြင်း၊ ပေါ့ပါးစွာ သယ်ဆောင်နိုင်ခြင်း၊ ထိခိုက်မှုခံနိုင်ပြီး ကြာရှည်အသုံးပြုနိုင်ခြင်း၊ အရည်အသွေးမြင့်မားခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်ခြင်းတို့ပင်ဖြစ်သည်။

“ကျွန်မတို့စက်ရုံကထုတ်လုပ်တဲ့ ကြွေရည်စိမ်ပစ္စည်းတွေကို စက်မှု(၁) ဝန်ကြီးရဲ့ လမ်းညွှန်မှုခံယူပြီး ပြည်သူတွေလက်ဝယ်ရောက်ရှိအောင်တိုက်ရိုက်ရောင်းချတဲ့လုပ်ငန်း ဆောင်ရွက်နေပါတယ်။ လက်ကားကိုယ်စားလှယ်တွေနဲ့ ရောင်းတာရှိသလို စက်မှု(၁)က ဖွင့်လှစ်ထားတဲ့ ဝင်းသူဇာအရောင်းဆိုင်တွေမှာလည်း ရောင်းချနေပါတယ်။ ဈေးပွဲတော်တွေမှာ ရောင်းချသလို ဈေးကားတွေနဲ့လည်းလှည့်လည်ရောင်းချနေပါတယ်။ တစ်နိုင်ငံလုံးအနှံ့ဘုရားပွဲတော်တွေပါမကျန်အောင် ပြည်သူတွေလက်ထဲ တိုက်ရိုက်ရောက်အောင် စနစ်တကျနဲ့ရောင်းချနေတာမို့ အချိန်မရွေး၊ နေရာမရွေးဝယ်ယူနိုင်ကြအောင်ဖန်တီးထားခြင်းပဲဖြစ်ပါတယ်” ဟု စက်ရုံမှူး ဒေါ်တင်စန်းက ပြောကြားသည်။



ခေတ်မီ စက်ကြီးများဖြင့် ကြွေရည်စိမ်ပစ္စည်း ထုတ်လုပ်နေမှုလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ကြွေရည်စိမ်ပစ္စည်းစက်ရုံ(မရမ်းကုန်း)ကို ဤသို့တွေ့ရသည်။

အရည်အသွေး မြင့်မားသည့် ကြွေရည်စိမ်ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ ကုန်သည်များနှင့် ပြည်သူများအနေဖြင့် စက်ရုံသို့ တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်ကြပြီး အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်းသိရသည်။ ကြွေရည်စိမ်ပစ္စည်းများဖြစ်သော်လည်း အလွယ်တကူမကွာစေရန် နည်းပညာသစ်များဖြင့် ထုတ်လုပ်ထားသည့်၊ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှု၊ မြန်မာလူမျိုးတို့၏ အကြိုက်နှင့် တစ်ထပ်တည်းကျသည့် အရည်အသွေးမြင့် အသုံးအဆောင်ပစ္စည်းများပင် ဖြစ်သည်။ စက်မှု(၁)ဝန်ကြီးဌာန၏ ပြည်သူများအတွက် စေတနာအပြည့်ဖြင့် ထုတ်လုပ်ထားသောပစ္စည်းများဖြစ်ရာ ကြွေသားမျက်နှာပြင် ချောမွေ့နေပြီး ပိုးမွှားများကိန်းအောင်းနိုင်မှု မရှိနိုင်သဖြင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိကြောင်းတွေ့ရသည်။

အသားငါးများ၊ နို့နှင့်ချက်ပြီးသော ထမင်းဟင်းများ ထည့်ရာတွင်လည်း အချဉ်ပေါက်လွယ်မှု၊ ပျက်စီးလွယ်မှု မရှိနိုင်ချေ။ တစ်ဖန် အပူချိန် ၃၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူဒဏ်ခံနိုင်ပြီး အရောင်အဆင်းမပျက်၊ အနံ့အသက်မစွဲဘဲ အလွယ်တကူ ဆေးကြော သန့်စင်နိုင်သည်ဖြစ်ရာ ပြည်သူများ၏ လိုအပ်ချက်အတွက် စက်မှု(၁)ဝန်ကြီးဌာန၏ လက်တွေ့ကျသည့် ဖြည့်ဆည်းပေးမှု တစ်ရပ်လည်း ဖြစ်သည်။ ထို့အပြင် ကြွေရည်စိမ်ပစ္စည်း စက်ရုံအမှတ်(၁)မှ ပြည်သူများအတွက် တန်ဖိုးနည်း စတီးလ်ပစ္စည်းငါးမျိုးကိုလည်း ထုတ်လုပ်ရန်စီစဉ်ထားရာ အရည်အသွေးမြင့် တာရှည်ခံ အသုံးအဆောင်ပစ္စည်းများကို ပြည်သူများ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

စက်မှု(၁) ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် အရည်အသွေးမြင့်မားပြီး ဈေးနှုန်းသက်သာသည့်အပြင် လက်တွေ့အသုံးတည့်သော ထုတ်ကုန်ပစ္စည်းများကို စေတနာရှေ့ထား ထုတ်လုပ်ပေးလျက်ရှိသည်။ ပြည်ပသွင်းကုန်အစားထိုးနိုင်သည်သာမက ကျန်းမာရေးကိုပါ အထောက်အကူ ပြုစေနိုင်မည့် ကြွေရည်စိမ်ပစ္စည်းများသည် ပြည်သူတို့ လိုအပ်ချက်များအပေါ် နိုင်ငံတော်၏အကျိုးရှိရှိထိရောက်မှုရှိသော ဖြည့်ဆည်းပေးမှုတစ်ရပ်ပင် ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

အစည်းအဝေးကျင်းပ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များ ကြီးကြပ်ရေး ကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၉)ကြိမ်မြောက်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ကျယ်ပြန့်စွာ၊ ထိရောက်စွာ အသုံးချနိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇွန် ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏(၁၂၉)ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စွာ ဖွံ့ဖြိုးလျက်ရှိသည့် အခြေအနေကို အခြေခံပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့် စီမံချက်များချမှတ် အကောင်အထည်ဖော်ရေး၊ ဝန်ထမ်းများ၏ အရည်အချင်းနှင့် အဖွဲ့အစည်း၏ စွမ်းဆောင်ရည် မြင့်မားစေရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့် သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရေး၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာများကို အဖွဲ့အစည်းများအတွင်း ကျယ်ပြန့်စွာ၊ ထိရောက်စွာ အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ နေပြည်တော်၌ အစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၃

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇွန် ၂၃ ရက်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ ခေါင်းဆောင်သော ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

ပူးတွဲသဘာပတိ

အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N.Borodavkin နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး၏ ညှိနှိုင်းရေးတာဝန်ခံ နိုင်ငံအဖြစ် ၂၀၀၉ ခုနှစ်မှစတင်၍ ထမ်းဆောင်ခဲ့ရာ (၈)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-ရုရှား စီမံကိန်းနှင့် စီမံရေးရာကော်မတီ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံ-ရုရှား လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၅-၂၆ ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှု

ယခုအစည်းအဝေးတွင် အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆွေးနွေးခဲ့ကြပြီး ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ် ဦးတည်ချက်များကို ဆွေးနွေးရာ၌ အာဆီယံ-ရုရှား စွမ်းအင်ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရေးကိစ္စ၊ အကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အရေးပေါ်အခြေအနေ၌ စီမံခန့်ခွဲနိုင်ရန် လုပ်ငန်းဆောင်ရွက်မှု၊ အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အပြန်အလှန် အကျိုးစီးပွားအတွက် (၂၀၀၅-၂၀၁၅)အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည့် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ခြင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ အပေါ်၌လည်း ဆွေးနွေးခဲ့ကြသည်။

ယနေ့ အစည်းအဝေး၌ (၉)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၂ခုနှစ်တွင် ရုရှားနိုင်ငံ၌ ကျင်းပရန်သဘောတူဆုံးဖြတ်ခဲ့ကြသည်။

တည်ခင်းဧည့်ခံ

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်များအား ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ယဉ်ကျေးမှု ပဒေသာအကများဖြင့် ဖျော်ဖြေခဲ့သည်။ **(သတင်းစဉ်)**

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၄င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဗိုလ်မှူးကြီးကျော်မြင့် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စက်မှုစီမံကိန်းဦးစီးဌာန မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန
(၂)	ဦးအေးသောင်း ညွှန်ကြားရေးမှူး အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)အထွေထွေ အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန
(၃)	ဦးမြင့်နိုင် ညွှန်ကြားရေးမှူး အမှတ်(၂) အထွေထွေအကြီးစား စက်မှုလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂)အထွေထွေအကြီးစား စက်မှုလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ပိတောက်မြောင်တမံ(၃) လျှိုပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရုံးမျက်နှာစာနှင့် ရုံးပတ်ဝန်းကျင်တို့၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇော်မင်း တက်ရောက်၍ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကျွန်း၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ စွယ်တော်စသည့် အပင်များကို စိုက်ပျိုးပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ စွယ်တော်၊ မဲဇလီ၊ ရင်းမာ၊ ငုရွှေဝါ၊ ပိတောက်၊ စိန်တစ်လုံး၊ ရေတမာ၊ ယူကလစ်အစရှိသည့် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် သီးပင်၊ စားပင် စုစုပေါင်း ၁၃၁၀ ကို စိုက်ပျိုးခဲ့ကြပြီး ယခုနှစ်အထိ ဝန်ကြီးဌာနရုံး သစ်ပင်စိုက်ဧရိယာအတွင်း စိုက်ပျိုးပြီး အပင်အရေအတွက်မှာ ၃၁၂၄၅ ပင်ရှိသည်။

ငါးမျိုးစိုက်ထည့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပိတောက်မြောင်တမံ(၃)အနီး ကျင်းပသော အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်အတူ ပိတောက်မြောင်တမံ(၃)လျှိုပိတ်ဆည်အတွင်း ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါနှင့် ထိုင်းငါးခုံးမ သားပေါက်ကောင်ရေ စုစုပေါင်း ၈၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် လမ်း/တံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

လမ်းများပျက်စီးမှုမရှိအောင် ပီပီပြင်ပြင်ဆောင်ရွက် ပွင့်လင်းရာသီတွင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရေးစီမံ

နေပြည်တော် ဇွန် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် လမ်း/တံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများအား ဇွန် ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံမှာကြားသည်။

ပီပီပြင်ပြင်

ပြည်ထောင်စုဝန်ကြီးကမှာကြားရာ၌ မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် လမ်းအပိုင်းများကို တစ်နှစ်အတွင်း ပျက်စီးမှုမရှိအောင် လုပ်ငန်းများ ပီပီပြင်ပြင် ဆောင်ရွက်ရန်၊ မိုးတွင်းကာလ ဖြစ်သည့်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ထားရှိရန်၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး စီမံချက်ချမှတ် ဆောင်ရွက်သွားကြရန်နှင့် လမ်းခင်းပစ္စည်းများ စုဆောင်းထားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က လမ်း/တံတားဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဌာနဆိုင်ရာ အကြီးအကဲများက ကုမ္ပဏီများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် ဘဏ္ဍာငွေ သုံးစွဲမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြပြီး လမ်း/တံတား လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ခံများက မိမိတို့လုပ်ငန်း ဆောင်ရွက်နေသည့် လမ်းအပိုင်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား UNOPS ဌာနေကိုယ်စားလှယ်နှင့် Fund Director တို့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား UNOPS မြန်မာရုံး ဌာနေကိုယ်စားလှယ် Mr.Sanjay Mathur နှင့် UNOPS မှ Fund Director Mr. Andrew Kirkwood တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေရေး၊ ကျေးလက်ဒေသ မိသားစုများဝင်ငွေတိုးရေး၊ စားနပ်ရိက္ခာနှင့် အာဟာရဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ

ရန်ကုန် ဇွန် ၂၃

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်း၌ စုံစုံလင်လင် ဝယ်ယူနိုင်စေရန်အတွက် UNIQUE ကွန်ပျူတာဆိုင်၏ ပထမဦးဆုံးဆိုင်ခွဲအဖြစ် UNIQUE IT, Mobile & Electronic Center ကိုအမှတ် ၂၆၁ ပန်းဆိုးတန်းလမ်း (အထက်ဘလောက်)တွင် ဇွန် ၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

စုံစမ်းနိုင်

ဆိုင်ခွဲသစ်ဖွင့်လှစ်ပွဲ အထိမ်းအမှတ် အဖြစ် ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အတွင်း ငွေကျပ် တစ်သိန်းနှင့်အထက် ဝယ်ယူအားပေးသူတိုင်းအတွက် IPAD2 32 GB WIFI တစ်လုံး ရရှိနိုင်မည့် အခွင့်အရေးအဖြစ် ဝယ်ယူမှု ငွေကျပ် တစ်သိန်းဖိုးပြည့်တိုင်း ကံစမ်းမဲကူပွန်တစ်ခု ပေးအပ်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် UNIQUE IT, Mobile & Electronic Center အမှတ် ၂၆၁ ပန်းဆိုးတန်းလမ်း (အထက်ဘလောက်) ဖုန်း- ၀၉-၇၃၁၇၁၂၁၂၊ ၇၃၁၇၁၂၁၃၊ ၇၃၁၇၁၂၁၄ နှင့် အမှတ် ၁၉၄ ဆိပ်ကမ်းသာလမ်း (အလယ်ဘလောက်) ဖုန်း-၀၁-၃၉၈၄၃၆၊ ၃၉၁၇၈၉၊ ၃၉၁၇၃၀ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၀ ရက်ကကျင်းပရာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာ သင်ယူလျက်ရှိသော ကျောင်းသား ကျောင်းသူ ၂၄ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင် ကျောင်းသားတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။

(မြို့နယ် ထွေ/အုပ်)

တာဝန်ကိုယ်စီကျေကြစို့

* မြရိပ်ဂနိုင်၊ စုံတောမြိုင်တို့
ရွှန်းလိုင်လန်းဆန်း၊ စိမ်းရောင်လွှမ်းက
ညစ်ညမ်းလေထု၊ သန့်အောင်ပြုပြင်
မျိုးစုရက္ခ၊ တိုးပွားကြပြန်
အန္တရာယ်မီး၊ ဘေးရန်ဆီး၍
သိုဆည်းရေလှာ၊ ထိန်းသိမ်းကာကွယ်
ရိက္ခာပြည့်ဝ၊ လိုတိုင်းရစေ
မျှတဥတု၊ မှန်အောင်ပြုလျက်
လူ့ဘောင်အကျိုး၊ ဘက်စုံတိုးရန်
ထမ်းပိုးရွက်သော၊ ဤသစ်တောကား
လောကလူ့ရွာ၊ သတ္တဝါတို့
မှီရာစခန်း၊ အေးငြိမ်းချမ်းသည့်
နန်းမြို့ရိပ်သွင်၊ ကျေးဇူးရှင်။

* သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနား
ထောင်သောင်းသစ်ပင်၊ စိမ်းရွက်ဆင်က
ပြည်ခွင်လူ့ရွာ၊ သတ္တဝါများ
ရာထောင်သိန်းသန်း
ချမ်းမြေ့စည်သာ၊ အလှဖြာ၏
နှိုင်းရာမရှိသည့် ကျေးဇူးရှင်။

* သစ်တောသစ်ပင်၊ ကျေးဇူးရှင်ဟု
ဒို့မြင်အောင်ကြည့်၊ တန်ဖိုးသိလျက်
ဖြည့်ဆည်းစိုက်ပျိုး၊ ဆပွားတိုးစေ
ပျိုးထောင်နှင်းအပ်၊ ကျေးဇူးဆပ်စို့
လူ့ရပ်လူ့ရွာ၊ စိမ်းလန်းဖြာအောင်
ညီညာစုရုံး၊ ဒို့အားသုံး၍
ပြည်လုံးတစ်ခွင်၊ စိမ်းရောင်လွှင်ရေး
သစ်ပင်များစွာ၊ စိုက်ပျိုးပါစို့
ဒို့ရွာဒို့တိုင်း၊ ဒို့သမိုင်းကို
ဝိုင်းဝန်းပြုပြင်၊ အလှဆင်ရေး
သစ်ပင်ကိုယ်စီစိုက်ကြစို့။
သစ်တောသစ်ပင်ထိန်းသိမ်းစို့။
တာဝန်ကိုယ်စီကျေကြစို့။ ။

စလင်းအောင်မြင့်ဦး (ပြန်/ဆက်)

❒ *ရှေ့ဖုံးမှ*

ဝန်ဆောင်မှုအရည်အသွေး ကျဆင်းမသွားအောင်၊ ဝန်ဆောင်မှု ပိုမိုကောင်းမွန်အောင်၊ လာရောက်တည်းခိုသည့် ဧည့်သည်များအား (Repeated Visitor) အဖြစ် သတိတရဖြစ်စေပြီး အကြိမ်ကြိမ် လာရောက်လည်ပတ်စေရန်၊ မှန်ကန်ကောင်းမွန်သော ဝန်ဆောင်မှုများကို ကြိုးစား ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူ လေးဦးအား သင်တန်းထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား တစ်ဦးအား ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဌေးအောင်က သင်တန်းကျောင်းများမှ သင်တန်းနည်းပြ လေးဦးအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ပြသထားသော သင်တန်းများဆိုင်ရာ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာ သင်တန်းများဖြစ်သော ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်း၊ ဟိုတယ်နှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေး သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး သင်တန်းနှင့် အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေး သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၁၉၂ ဦး တက်ရောက်၍ သင်တန်းကာလ ရက်သတ္တသုံးပတ်ခန့် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် သပြေကုန်းဈေးအနီးရှိ နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ကျင်းပမည့်နေရာသို့ ရောက်ရှိပြီး ခရီးသွားပြပွဲပြသရန် ခင်းကျင်းပြင်ဆင်ထားရှိမှုနှင့် အစားအစာပြပွဲ ပြသရောင်းချရန် ခင်းကျင်းပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ နိုင်ငံတော်သီချင်း
၇:၁၀ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
၄:၃၀ ၇။ ဓာတ်လမ်းတို
၄:၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ၉။ အိုင်စီတီသုတ
၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ - ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၁၆)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ **ရွှာ** ဟာသဓာတ်လမ်းတွဲ
၆:၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း -၂၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ စိုက်ပျိုးသုတ
၂၃။ သံစဉ်များနှင့်ကမ္ဘာ
၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း -၂၈)
၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဝိပါက်** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လဓဇောတိ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၂)
၈:၅၀ ပတ္တမြားမြေက သာသနာ့အလင်း‥ တောင်စဉ်တောအနှံ့ ပြန့်လေပြီ…
၉:၁၀ Activities in the City (Stamford City Business Institute ကျောင်းဆင်းပွဲ)
၉:၂၀ Avtivities in the City (ဆင်ဖြူတောင်ကျောင်းဆောင် ရေစက်ချပွဲနှင့် ရှင်ပြုနားသမင်္ဂလာ
၉:၃၀ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ မင်းသားကြီး ဇော်ခင်) (အပိုင်း -၂)
၉:၅၅ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်းကြီး၏ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းအောင်ပွဲ
၁၀:၁၅ ရန်ကုန်မြင်ကွင်းကျယ် (MCC အား ULAS နဲ့ SGS Thailand တို့မှ ISO 9001: 2008 ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနား)
၁၀:၃၀ ဖက်ရှင်လမ်းညွှန် (Fashion Euphoria)
၁၀:၅၅ အလှူများနှင့် ပီတိဝေဖြာမြန်မာ စိမ်းလန်းမြေ ပရဟိတဂေဟာ
၁၁:၁၀ ရန်ကုန်မြင်ကွင်းကျယ် [မြန်မာနိုင်ငံမျက်မမြင်များအသင်း (ခဝဲခြံ) ပညာရည်ချွန်ဆုပေးပွဲ)]
၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅ သားတော်များစေတီတော် ထီးတော်တင်ပွဲ
၁၂:၂၀ အရည်အသွေးမြှင့်တင် ဈေးကွက်ဝင် ရော်ဘာစိုက်ပျိုး ဝင်ငွေတိုး
၁၂:၄၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ဓာတ်ပုံဘောင်အတွင်း ရောင်စုံစက္ကူများနှင့် အလှဆင်ခြင်း)
၁:၀၀ **ဝိပါက်** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လဓဇောတိ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Style ရှိမှ Star ဖြစ်မယ်
၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၄)
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၁၀၂)
၄:၅၅ မြန်မာဂေါက်သီးရိုက်အသင်း
၅:၁၅ MNL Preview
၅:၄၅ ကူညီဖေးမ ပရဟိတ
၆:၀၀ MRTV -4 သတင်း
၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ)
၆:၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၅)
၇:၂၅ The Champion of Dance
၈:၀၀ MRTV -4 သတင်း
၈:၃၀ VJ Choice
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၃)
၁၀:၂၀ အပန်းဖြေကြည့်ရှုစရာဇာတ်ကား မိတ်ဆက်ကဏ္ဍမှာ အဖြူရောင်နှလုံးသား တစ်ထောင့်မှာ ဇာတ်ကား
၁၀:၃၅ ဂီတသရုပ်ပြခန်း (သဲနုဝါ- သက်တန့်ပေါ်မှာ ကစားမယ်)
၁၁:၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၂၀ World of Knowledge (Japanese Cowboy)
၁၂:၀၅ ရွှေဖြူဟု ခေါ်သည် (အပိုင်း-၂)
၁၂:၃၀ ဖန်တီးသူနှင့် အနုပညာ (ချစ်သုဝေ) (အပိုင်း-၂)
၁၂:၅၅ Aureum Palace Resort (Ngwe Saung)
၁:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (ချစ်စနိုးဦး)
၁:၅၀ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွှန်စွဲမက်
၂:၀၅ 2 D
၂:၂၀ ဒို့တိုင်းဌာနီရေဝတီ (ပုသိမ်၊ မြောင်းမြ ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများ)
၂:၄၅ မြန်မာ့လက်ရာ (မြန်မာ့အနုပညာ လက်မှုပစ္စည်းအရောင်းပြခန်း)
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ ကျန်းမာသန်ထွားဘဏ်မြင့်မား မင်းရာဇာ၊ မျိုးစန္ဒီကျော် တက္ကသိုလ်ဂွမ်းပုံ
၄:၁၅ ရင်နှစ်ပန်းတို့လန်းစေချင်
၄:၂၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၄:၅၀ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသားများအား
ညောင်တုန်းမြို့နယ်၌ ဂုဏ်ပြုချီးမြှင့်

ညောင်တုန်း ဇွန် ၂၃

ညောင်တုန်းမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသော ဆရာ ဆရာမများနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၁၄ ရက်က အထက-၁ လှိုင်ပညာခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ပို့ဆောင်/ဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်စန်းငွေက ၂၀၁၀-၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအခြေအနေ၊ ဂုဏ်ထူးရရှိမှုအခြေအနေများနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပို့ဆောင်/ဆက်သွယ်ရေးဝန်ကြီးဦးသန်းထွန်းက အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး(**အပေါ်ယာပုံ**)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်း၊

မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မင်း၊ မြို့နယ်ပညာရေးမှူးဒေါ်စန်းငွေနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမ ၄၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင်လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၅၁ ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၈၂)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကို ဇွန်၂၀ရက် ညနေ၃နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အလေးမအသင်းများ သတ်မှတ်နေရာတွင် နေရာယူပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။(**အပေါ်ပုံ**)

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ အမျိုးသား တတိယတန်းဆင့် ၅၆ ကီလိုတန်း ပြိုင်ပွဲတွင် ဖုန်းမြင့်နိုင်(ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)က စုစုပေါင်း ၁၈၂ ကီလိုဖြင့် ပထမ၊ ကိုကိုမောင် (ကာကွယ်ရေးဝန်ကြီးဌာန)က ဒုတိယ၊ ဖြိုးဝေလင်း(အား/ကာ သိပ္ပံ-ရန်ကုန်)က တတိယ ရရှိသွားသည်။

အမျိုးသမီး တတိယတန်းဆင့် ၄၈ ကီလိုတန်း ပြိုင်ပွဲတွင် ညိုညို (လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန)က စုစုပေါင်း ၁၁၇ ကီလိုဖြင့် ပထမ၊ မိုးဆန်း (လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာန)က ဒုတိယ၊ နှင်းအိဖြူ (မြောင်းမြ-ခအသင်း)က တတိယ ရရှိသွားသည်။

အမျိုးသမီး ပထမတန်းဆင့် ၄၈ ကီလိုတန်း ပြိုင်ပွဲတွင် မိုင်ဇင်ပွင့်ဖြူ (အမှတ် (၁) စက်မှုဝန်ကြီးဌာန)က စုစုပေါင်း ၁၅၈ ကီလိုဖြင့် ပထမ၊ ထက်ပိုင်ဦး [အမှတ်(၁) စက်မှုဝန်ကြီးဌာန]က စုစုပေါင်း ၁၅၈ ကီလိုဖြင့် ဒုတိယ၊ ပပလင်း[ရထားပို့ဆောင်ရေးဝန်ကြီးဌာန (က)အသင်း]က ၁၃၂ ကီလိုဖြင့် တတိယ၊ ပထမတန်းဆင့် ၅၃ ကီလိုတန်း ပြိုင်ပွဲတွင် အေးသန္တာလွင်[အမှတ်(၁) စက်မှုဝန်ကြီးဌာန]က စုစုပေါင်း ၂၅၃ ကီလိုဖြင့် ပထမ၊ မေဖြိုးမိုး [ရထားပို့ဆောင်ရေးဝန်ကြီးဌာန (က)အသင်း]က စုစုပေါင်း ၁၅၆ ကီလိုဖြင့်ဒုတိယ၊ ရွှေစင်ဝင်း(လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာန)က စုစုပေါင်း ၁၄၅ ကီလိုဖြင့် တတိယ၊ ပထမတန်းဆင့် ၅၃ ကီလို အထက်တန်းပြိုင်ပွဲတွင် လဲ့လဲ့ဝင်း[အမှတ်(၁) စက်မှုဝန်ကြီးဌာန]က စုစုပေါင်း ၁၉၅ ကီလိုဖြင့် ပထမ၊ မိုးသူဇာ(အား/ကာသိပ္ပံ-ရန်ကုန်)က စုစုပေါင်း ၁၈၆ ကီလိုဖြင့် ဒုတိယ၊ ဟေမာမြင့်ဝင်း [အမှတ်(၁) စက်မှုဝန်ကြီးဌာန]က စုစုပေါင်း ၁၇၅ ကီလိုဖြင့် တတိယရရှိသွားရာ ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲ

ရန်ကုန် ဇွန် ၂၃

၂၀၁၁ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသား ရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်ကျော်က အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရသက်ကိုကိုလတ်(ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)၊ ဒုတိယဆုရအောင်ထွဋ်(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် တတိယဆုရ ကိုကိုမင်းအေးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဆွေဆွေဟန် (အားကစားဝန်ကြီးဌာန)၊ ဒုတိယ ညိုညိုမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)၊ တတိယ စန္ဒာမိုး(ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)တို့ ရရှိသွားသည်။

အမျိုးသား အသက် ၁၈ နှစ်အောက်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ မိုးမြင့်ဟန် (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဒုတိယ အောင်သူရ (နည်းပညာတက္ကသိုလ်-လားရှိုး)နှင့် ဟိန်းဇေယျာဦး (ရန်ကုန်အကယ်ဒမီ) တို့ ရရှိသွားသည်။

အမျိုးသမီး အသက် ၁၈ နှစ်အောက်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ခင်လပြည့်(အထက-၄ဗိုလ်တထောင်)၊ ဒုတိယသူသူ(ယဉ်ကျေးမှုတက္ကသိုလ်)၊ တတိယ မှူးသိမ့်သိမ့် (PIEC)တို့ ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ ထိုက်ထိုက်တန်တန် ဆုကြေးချီးမြှင့်မည်

ရန်ကုန် ဇွန် ၂၃

၂၀၁၁ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၅ရက်အထိ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသမီးစက်ဘီးအားကစားသမားများအတွက် မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ ၂၅ ကီလိုမီတာ တစ်ဦးချင်းပြိုင်ပွဲနှင့် ၁၂၅ ကီလိုမီတာ တာဝေးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အမျိုးသားစက်ဘီး အားကစားသမားများအတွက် မီတာ ၄၀၀၀၊ ကီလိုမီတာ ၅၀၊ ကီလိုမီတာ ၁၈၀ တာဝေးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ဝန်ကြီးဌာနများ၊ ကလပ်အသင်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စက်ဘီးအားကစား မောင်မယ်များသည် ဇူလိုင် ၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဖုန်း-၀၉-၇၃၀၅၆၇၁၀၊ ၀၉-၈၆၂၁၅၂၄၊ ၀၉-၄၉၂၀၃၃၀၃၊ ၀၆၇-၄၀၇၂၅၇ နှင့် ၀၁-၅၆၁၃၃၆ တို့တွင် အမည်စာရင်းသွင်းကြပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

သံတွဲမြို့နယ် သစ္စာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးနေမှုကို ဇွန် ၁၃ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်သန်းဦးနှင့်ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရွှေတချောင်းလမ်းတိုးချဲ့ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မေ ၂၁ ရက်က ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ် မြို့မဈေးကြီးအတွင်း လျှပ်စစ်မီးလိုင်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုကို ဇွန် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ် အမက(၃)ကျောင်းလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇွန် ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မော်လမြိုင်တက္ကသိုလ်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၃

မွန်ပြည်နယ် သစ်တောဦးစီးဌာန ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၈ရက်က မော်လမြိုင်တက္ကသိုလ် ကျောင်းဝင်း၌ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ် သစ်တော ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမော်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ငွေးအောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများစုစုပေါင်း ၉၀၀ ကျော် တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ ပျဉ်းမ၊ စိန်ပန်း၀ါ၊ ထောက်ကြံ့သစ်ပင်မျိုးများ စုစုပေါင်း သစ်ပင် ၉၀၀ ကို စိုက်ပျိုးခဲ့ကြ ကြောင်း သိရှိရသည်။ **(ယာပုံ)**

(မြန်မာ့အလင်း)

တိုင်းရင်းဆေးကုဌာနအဆောက်အအုံသစ် ရွှေကျင်မြို့နယ်၌ ဖွင့်

ရွှေကျင် ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ် ဖွင့်ပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် အလှူရှင် ရွှေကျွန်းကြီး ရွှေနှင့်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်မင်းနိုင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူရှင်များက လှူဒါန်းသော ထာဝရဆေးပဒေသာပင် ငွေကျပ် ၂၇၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

တောင်ကြီး ဇွန် ၂၃

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအသုံးပြုမှုဆိုင်ရာ ဟောပြောပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မီးသတ်ဦးစီးဌာန ခန်းမ၌ ဇွန် ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်ဖေက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူး တင်စိုးရှိန်က ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများမဖြစ်စေရေး ကြိုတင်ကာကွယ်ရမည့် အချက်များကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး (၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်၌ ပါဝင်ပစ္စည်းများ အသုံးပြုပုံမှန်ကန်ရေးနှင့် လမ်းအသုံးပြုသူများ လိုက်နာစောင့်ထိန်းရမည့် အချက်အလက်များကိုလည်းကောင်း ပရိုဂျက်တာဖြင့် ပြောကြားကာ ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။

(ကညန)

မြန်မာ့အလင်း စာတည်းထံပေးစာများ

သံပန်းလုပ်ငန်းကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းရှင် -

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၅ လမ်း မြေညီထပ် လူနေအိမ်ခန်းတစ်ခန်းတွင် ငှားရမ်းလုပ်ကိုင်နေသော သံပန်းလုပ်ငန်းသည် အိမ်သုံးလျှပ်စစ်မီတာဖြင့် သံများဖြတ်တောက်ခြင်း၊ ဂဟေဆော်ခြင်းများ လုပ်ကိုင်နေခြင်းကြောင့် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မည်ကို စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

တရားမဝင်ညစျေးတန်း ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား -

ကျောက်မဲမြို့ (၃)ရပ်ကွက် စဝ်စံထွန်းလမ်းနှင့် ပဋ္ဌသီလမ်းပေါ်တွင် ညစျေးတန်းမှာ လမ်းများပိတ်ဆို့ပြီး တရားမဝင် ဖွင့်လှစ်ရောင်းချလျက်ရှိရာ လူများနှင့် ကားများ သွားလာရခက်ခဲသည့်အပြင် အမှိုက်များကိုလည်း ရေမြောင်းအတွင်းသို့ ပစ်ချသဖြင့် အမှိုက်များပိတ်ဆို့ကာ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသည်။ သို့ပါ၍ အဆိုပါ ညစျေးတန်းကို သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အမှတ်(၃)ရပ်ကွက်သူ ရပ်ကွက်သားများ

သကြားစက်မှစက်သံ ဆူညံလွန်း

စာတည်းရှင် -

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက် အကွက် (၂၀၈) အလယ်ပေါင်မြောက်ပိုင်းရပ်ကွက်တွင် ပုဂ္ဂလိကသကြားစက်ရုံတစ်ရုံမှ နေ့စဉ်နှင့်အမျှ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့် အယှက်ဖြစ်ရသည့်အပြင် ရပ်ကွက်အတွင်း မီးဘေးပါစိုးရိမ်ရသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူ

ဆရာဝန်များအတွက် သင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)က ကြီးမှူးဖွင့်လှစ်မည့် Leadership and Management for medical professionalsနှင့် Communicative English (Four skills and medical communicative skills by Native Trainer and Teacher)သင်တန်းကို ဇူလိုင်၄ရက်မှစ၍ (တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ)နေ့များတွင် ဖွင့်လှစ်မည်ဖြစ်ရာ Leadershipကို မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ English Language ကို ညနေ ၃ နာရီမှ ၅ နာရီအထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ မြန်မာနိုင်ငံဆရာဝန်အသင်း Program Management Department ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၁၊ လိုင်းခွဲ(၁၁၉)တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်းနှင့် သင်တန်းကာလမှာတစ်လဖြစ်ကြောင်း သိရှိရသည်။

(ဆရာဝန်အသင်း)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေး မြောင်းမြမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

မြောင်းမြ ဇွန် ၂၃

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ကြီး ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ တင်မောင်အေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းနိုင်၊ ဒုတိယဦးစီးမှူး ဒေါက်တာ အောင်သိန်းမြင့်နှင့်အဖွဲ့ ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက မြောင်းမြမြို့ ဘုရားချောင်းရပ်ကွက်တွင် စီးပွားဖြစ်မွေးမြူလျက်ရှိသည့် ဦးချိန်းဆွေ၏ ဝက်ခြံသို့ ကွင်းဆင်း၍ ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **(အောက်ပုံ)**

ကြီးကြပ်ဆောင်ရွက်

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ စနစ်တကျဖြစ်စေရန်၊ ဝက်ခြံသန့်ရှင်းရေး အလေးထားရန် ဝန်ထမ်းများအား မှာကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရေး အမြို့မြို့အနယ်နယ်တွင် ဆောင်ရွက်

တိရစ္ဆာန်ရောဂါများကာကွယ်ထိန်းချုပ်ရေး ကွင်းဆင်းဆောင်ရွက်

မော်ဘီ ဇွန် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် မြောင်းတကာကျေးရွာတွင် ဇွန်၂၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုးလွင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာခင်နွဲ့ရီနှင့် ကျေးရွာ ကာကွယ်ကုသရေးသင်တန်းဆင်းများက ကျွဲ၊ နွားများ ရောဂါဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ဆေးထိုးခြင်း၊ တိရစ္ဆာန်များရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများ ဟောပြောခြင်းနှင့် ဝက်ခြံများ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး ပုသိမ်မြို့၌ ပိုးသတ်ဆေးဖျန်း

ပုသိမ် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာတင်အောင်အေး၊ ပုသိမ်ခရိုင်ဦးစီးမှူး ဒေါက်တာ စိုးသိမ်း၊ ပုသိမ်မြို့နယ်ဦးစီးမှူး ဒေါက်တာဟန်ရှိန်နှင့်အဖွဲ့သည် ဝက်နားရွက်ပြာရောဂါ ကာကွယ်တားဆီးရေးအတွက် ဇွန် ၁၇ ရက် နံနက်ပိုင်းက ပုသိမ်မြို့နယ်ရှိ ဝက်သားထုတ်လုပ်ရေး အလုပ်ရုံများသို့ သွားရောက်၍ ပိုးသတ်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းပြုလုပ်ခြင်းတို့ကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ပြီးစီး

အဆိုပါအဖွဲ့သည် ပုသိမ်မြို့နယ် ဝက်မွေးမြူရေးခြံများအား ဇီဝလုံခြုံမှု မြှင့်တင်ခြင်း၊ ပိုးသတ်ဆေး ဖျန်းခြင်းလုပ်ငန်းများကို ဇွန်လအတွင်း ဆောင်ရွက်ခဲ့ရာ ဝက်မွေးမြူရေးခြံ ၂၅ ခြံ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

မြန်မာ့ရေနံဆောင်ဘဏ်လီမိတက်၏ သတ္တမမြောက်ဘဏ်ခွဲအဖြစ် လားရှိုးဘဏ်ခွဲကို ၂၃-၆-၂၀၁၁ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လားရှိုး (ပဲ၊ ပြောင်း၊ နှမ်း) ကုန်စည်ဒိုင်မှ
ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနှင့်အသင်းသားများ

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

မြန်မာ့ရေနံဆောင်ဘဏ်လီမိတက်၏ သတ္တမမြောက်ဘဏ်ခွဲအဖြစ် လားရှိုးဘဏ်ခွဲကို ၂၃-၆-၂၀၁၁ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအိုက်တူး (DENKO လားရှိုး)
Two Elephant (Construction Material Trading)

စာရေးဝန်ထမ်း စွမ်းရည်မြှင့် သင်တန်းဆင်း

ပခုက္ကူ ဇွန် ၂၃

ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာရေးအဆင့်(၁)နှင့်ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးများ၏ စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက အဆိုပါခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် သင်တန်းထူးချွန်ဆုရသူများအား ဆုများချီးမြှင့်ရာ ပထမဆု ကသ (၃၈) ဦးစန်းဝင်း (ဆိပ်ဖြူမြို့နယ်)၊ ဒုတိယဆု ကသ(၂)ဦးရဲရင့်အောင် (ရေစကြိုမြို့နယ်)နှင့် တတိယဆု ကသ(၃၄) ဦးနေလင်း (ဆိပ်ဖြူမြို့နယ်)တို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

ဖခင် အမည်မှန်

ဦးဖုန်းကြွယ် ၁၂/ကခက(နိုင်)၀၀၁၈၁၃၏သား မောင်ထက်အောင်ရှိုင်း အထက(၁)၊ သဃ်န်းကျွန်း တက္ကသိုလ်ဝင်တန်း(B) ၏ ဖခင်အမည်မှန်မှာ ဦးဖုန်းကြွယ်ဖြစ်ပါသည်။ **ဦးဖုန်းကြွယ်**

အိုင်အိုဒင်းဆားပါဝင်မှုစစ်ဆေး

မိုင်းကိုင် ဇွန် ၂၃

မိုင်းကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ ဈေးဆိုင်များနှင့်မြို့ပေါ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းပါဝင်သည့် ဆားများရောင်းချခြင်း ရှိမရှိနှင့် သက်တမ်းကုန်၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိမရှိကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဟန်နိုင်စိုးနှင့် အမှုဆောင်အရာရှိ ဦးမြတ်ကိုသန်းတို့ ဇွန် ၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

အမည်မှန်

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဆာရ်ခွမ်ဒမ်းအုပ်စု စာရိတ္တကျေးရွာနေ ဦးထင်ထိန်ဒီး ၁/ပတအ(နိုင်)၀၀၄၂၀၄ ၏ အမည်မှန်မှာ ဦးဆာရ်ဝမ်ရမ်ထိန် ဖြစ်ပါသည်။ **ဦးဆာရ်ဝမ်ရမ်ထိန်**

အမည်ပြောင်း

ဦးတင့်လွင်ဦး ၉/ပသက(နိုင်)၀၆၆၂၁၁၏သမီး မုံရွာမြို့၊ ကူးတို့မြောက်ရပ် အမက(၁၆)၊ စတုတ္ထတန်းမှ မရွှေလဲ့ရည်အား မဆုလဲ့နန္ဒာဟု ပြောင်းလဲခေါ်ပါရန်။ **မဆုလဲ့နန္ဒာ**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီးဖြစ်သူ မကြည်ကြည်လှိုင် ၁၂/ပဘတ(နိုင်)၀၂၂၃၈၆ သည် မိသားစုအား အမျိုးမျိုးစိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်ဆောင်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **အဖ ဦးတင်မောင် ၁၂/ပဘတ(နိုင်)၀၂၁၅၁၅**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း ကြွေရည်စိမ်ပစ္စည်းစက်ရုံ (မရမ်းကုန်း)မှ ထုတ်လုပ်သည့်ပစ္စည်းများကို ဤသို့ လှပစွာတွေ့ရသည်။ (မြန်မာ့အလင်း)

ပြည်သူများအတွက် လိုအပ်ချက် ဖြည့်ဆည်းပေးမည့် စက်မှု(၁) ကြွေရည်စိမ်ပစ္စည်းစက်ရုံထုတ်ကုန်များ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၃

ပြောင်လက်ချောမွေ့နေသော ကြွေသား၊ ဆန်းသစ်လှပသောဒီဇိုင်း၊ အိမ်တစ်အိမ်အတွက် အသုံးတည့်သောပစ္စည်းများဖြစ်ရာ မြင်တွေ့လိုက်ရသည်နှင့် ကိုင်ကြည့်ပြီး ဝယ်လိုသောဆန္ဒများ တဖွားဖွားဖြစ်ပေါ်လာရသည်။ အဆိုပါပစ္စည်းများမှာ အရည်အသွေးမြင့်မားပြီး သုံးစွဲရာ၌ ကျန်းမာရေးနှင့် ညီညွတ်သည့် စက်မှု(၁)ဝန်ကြီးဌာနထုတ်ကုန် ကြွေရည်စိမ်ပစ္စည်းများပင်ဖြစ်သည်။

လူနေမှုပုံစံပြောင်းလဲလာသော ယနေ့ခေတ်တွင် အရည်အသွေးလည်းမြင့်၊ ကြာရှည်အသုံးခံကာ ဈေးနှုန်းလည်း သက်သာသည့် ကြွေရည်စိမ်ပစ္စည်းများကို နိုင်ငံတော်အစိုးရက ပြည်သူများအတွက် စေတနာဖြင့် ထုတ်လုပ်ပေးနေခြင်းဖြစ်သည်။ ယင်းပစ္စည်းများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်းရှိ ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ်(၁)၌ ထုတ်လုပ်ကာ ပြည်သူများ စိတ်တိုင်းကျ လွတ်လပ်စွာ ဝယ်ယူနိုင်ကြပြီဖြစ်သည်။ မင်္ဂလာရှိသော သတင်းပင်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု စာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နာယကနှင့် ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါ်ကြည်ကြည်လှက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

မိုးရွာသွန်းမှုများ ၂၃-၆-၂၀၁၁

ပေါင်မြို့	၄ ဒသမ ၀၅ လက်မ
သံတွဲမြို့	၂ ဒသမ ၇၅ လက်မ
သထုံမြို့	၂ ဒသမ ၇၁ လက်မ
သိမ်ဖြူမြို့	၂ ဒသမ ၆၈ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၆၄ လက်မ
ရန်ကုန်(မြို့လယ်)	၂ ဒသမ ၅၂ လက်မ
စစ်တွေမြို့	၂ ဒသမ ၃၃ လက်မ
ဘားအံမြို့	၂ ဒသမ ၁၃ လက်မ
ကော့ကရိတ်မြို့	၂ ဒသမ ၁၃ လက်မ